
# ဗုဒ္ဓဝင် အာကျပြုံး



**အရှင်လောကဉာဏ**
(ဓာထက်မင်းလှ)

## မွေလက်ဆောင်

သို့

------------------------------

----------------------------

-------------------------

မှ

အရှင်လောကဉာဏ

ဓမ္မိကတောရ

အထက်မင်းလှ

မကွေးတိုင်း

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး
အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်
နိုင်ငံတော်တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို
ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား
ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အရှင်လောကဉာဏ

၂၃၈၆၇
၂၉၄.၃၇
ဂ၂.က

ကလေးများအတွက်

# ဗုဒ္ဓဝင်အကျဉ်း

အရှင်လောကဉာဏ
အထက်မင်းလှ
မကွေးတိုင်း

# မာတိကာ


၁။ အမှာ

၂။ ဆန္ဒမွန်

၃။ နိဒါန်း

၄။ ဒီပင်္ကရာဘုရားရှင်နှင့်ရဟန္တာအပေါင်း ရမ္မဝတီမြို့သို့ ကြွချီ

၅။ သုမေစါနှင့် သုမိတ္တာတို့အား ဗျာဒိတ်စကားမြွက်ကြား

၆။ လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဘုရားလောင်းဖွားမြင်

၇။ လက္ခဏာဖတ်ပုဏ္ဏားတို့က ဘုရားလောင်း၏ လက္ခဏာတော်ကို ဖတ်ကြား

၈။ သိဒ္ဓတ္ထမင်းသားလေးတော်တင်

၉။ ယသော်ဓရာမင်းသမီးနှင့်လက်ထပ်ထိမ်းမြား

၁၀။ သူအိုသူနာသူသေပြသ

၁၁။ အလောင်းမင်းသားသည် တောထွက်ခါနီးမိဖုရားနှင့် သားတော်အာရှုံစား

၁၂။ တောထွက်လာသောသိဒ္ဓတ္ထမင်းသားအား မာရ်နတ်တားမြစ်

၁၃။ အနော်မာမြစ်သောင်ယံ၌ မင်းသားဆံတော်ပယ်

၁၄။ ကဏ္ဍကမင်းအသဲနှလုံးကွဲကာသေဆုံးပြီး တာဝတိံသာ

နတ်ပြည်၌ နတ်သားဖြစ်
၁၅။ ဗိမ္ဗိသာရမင်းကြီးက ဘုရားလောင်းအား မင်းစည်းစိမ် စိုးစံပါရန်လျှောက်
၁၆။ အလောင်းတော်မြတ်ခြောက်နှစ်ဒုက္ခစရိယကျင့်
၁၇။ အလောင်းတော်မြတ်အား သုဇာတာသူဌေးသမီး တစ်သိန်းတန်ရွှေခွက်နှင့်ဆွမ်းကပ်
၁၈။ ဘုရားဖြစ်ရန် အဓိဋ္ဌာန်ရွှေခွက်မျော
၁၉။ ဘုရားအလောင်းတော် အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေလျှက် အာနာပါန ဈာန်ကို ဝင်စား
၂၀။ အလောင်းတော်သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူ
၂၁။ တပုဿဘလ္လိကကုန်သည်ညီနောင်အား ဆံတော် ဓာတ်ပေးသနား
၂၂။ ပဥ္စဝဂ္ဂီငါးဦးတရားဦးဟော
၂၃။ မြတ်စွာဘုရားလေးဆယ့်ငါးဝါကာလပတ်လုံး ကျွတ်ထိုက်သည့် သတ္တဝါတို့အားချွေချွတ်
၂၄။ အလောင်းတော်မြတ်တေဇောဓာတ်လောင်ဓာတ် တော်ကြွင်း
၂၅။ စေတီတော်

**အရှင်လောကညာဏ**


၂၆။ ဩကာသကန်တော့ချိုး

၂၇။ ကပ်သုံးပါး

၂၈။ ရပ်ပြစ်ရှစ်ပါး

၂၉။ ရန်သူမျိုးငါးပါး

၃၀။ ဝိပတ္တိတရားလေးပါး

၃၁။ ဗျသနတရားငါးပါး

၃၂။ မဂ်လေးပါး

၃၃။ ဖိုလ်လေးပါး

၃၄။ နိဗ္ဗာန်

၃၅။ အနန္တငါးပါးရှိခိုး

၃၆။ ငါးပါးသီလ

၃၇။ ရှင်သာမဏေလောင်းဆံပင်ရိပ်စဉ်ရွတ်ဆိုရန် ကမ္မဋ္ဌာန်း

၃၈။ သင်္ကန်းကပ်

၃၉။ သင်္ကန်းတောင်း

၄၀။ ပစ္စည်းလေးပါးဆင်ခြင်ပုံ

၄၁။ ဆယ်ပါးသီလ

၄၂။ နိဂုံးကဗျာ (ချစ်ဦးကလေး)

## အမှာ

\- ပုထုဇဉ်သား
မောဟများ၍
လွှင့်ပါးသတိ
ရှိသည့်အလျောက်
\- ကျရောက်မြူသွင်
အပြစ်မြင်က
တင်၍နှုတ်သာ
ကဲ့ရဲ့ပါနှင့်
လျှင်စွာလှော့က်ကူ
ပြင်တော်မူရှင့်။ ။

[ ဖတ်တော်မူ ]

## ဆန္ဒမွန်

- ဝိဇ္ဇာအသိ
တစ်ခုရှိလည်း
ကျိုးရှိမလာ။
- အကျင့်စရဏ
တစ်ခုမျှလည်း
ကျိုးရမလာ။
- ဝိဇ္ဇာစရဏ
နှစ်ဝစုံမှ
ကျိုးကပေါ်လာ
နှစ်ဖြာလုံးခဲ
ညီစွာတွဲအောင်
ကျင့်ဆောင်နိုင်စေ
ဆန္ဒဝေ။ ။

## နိဒါန်း

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ ဆိုသည့်အတိုင်း ဗုဒ္ဓဘာသာဝင် ဘိုးဘွားမိဘအစဉ်အဆက်မှ ပေါက်ဖွားလာသော ကလေးငယ်များသည် မိမိတို့၏ ကိုးကွယ်အားထားရာအတုမရှိ ဘုရားရှင်၏ ဖြစ်တော်စဉ် အကျဉ်းမျှကို သိသင့်သိထိုက်သလောက် သိရှိနားလည်မှတ်သားမိရန် အဖိုးအဖွားအမိအဖတို့၏ နှုတ်ဝစီမှ ပြောပြဆုံးမရုံမျှနှင့်တော့၊ ယေဘုယျအားဖြင့် ပြည့်စုံလုံလောက်ပြီဟူ၍ ကျွန်ုပ်မထင်မိပါ ဟု ယူဆရလျှင်တော့ များလိမ့်မည်မထင်ပါချေ။

သို့ဖြစ်၍ " သစ်ပင်ငယ်က ပြုပြင်ရ " ဆိုသကဲ့သို့ ကလေးငယ်များ လိမ္မာယဉ်ကျေးမှုအထောက်အကူ ဖြစ်ပါစေ ဟူသောဆန္ဒမွန်ဖြင့် ကလေးငယ်များအတွက် သင်ဆရာ မြင်ဆရာ ကြားဆရာ ကျမ်းဂါန်ဆရာ အဆူဆူတို့၏ ဥပနိသျကို မှတ်သားနာယူနှုလုံးမူ၍ တိုကျဉ်းလိုရင်းမျှ ဗုဒ္ဓဝင်ကျဉ်းစကားပြေကို ပြုစုရပါသည်။

ဦးလောကဉာဏ (ဓမ္မိက)
အထက်မင်းလှ (မကွေးတိုင်း)

## ဒီပင်္ကရာဘုရားရှင်နှင့် ရဟန္တာအပေါင်း ရမ္မဝတီမြို့သို့ကြွချီ

၁။ ဂေါတမဘုရားအလောင်းတော်သည် ဤကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ထက်၌ သုမေဓာ ရှင်ရသေ့ဖြစ်ခဲ့လေသည်။ ရမ္မာဝတီမြို့သူမြို့သားတို့သည် ဒီပင်္ကရာဘုရားရှင်နှင့် ရဟန္တာအပေါင်းတို့ ဆွမ်းခံကြွရန် ပင့်ဖိတ်ထားကြ သည်။ မြို့သူမြို့သားများသည် ဒီပင်္ကရာဘုရားရှင်နှင့် ရဟန္တာအပေါင်းကြွရောက်လာမည့်လမ်းကို ပြုပြင် ကြသည်။

သုမေဓာရှင်ရသေ့လည်း လမ်းမြေတစ်ကွက်စာကို တာဝန်ယူပြီး ပေါက်ပြား၊ တူးရွင်း၊ ချင်းတောင်းတို့ဖြင့် လမ်းကိုပြုပြင်နေစဉ် ဒီပင်္ကရာ ဘုရားရှင်နှင့် ရဟန္တာ အပေါင်းကြွချီလာကြသည်။

## သုဓမစာနှင့်သုမိတ္တာတို့အားဗျာဒိတ်စကားမြွက်ကြား

၂။ လမ်းပြုပြင်၍ မပြီးခင် ကြွရောက်တော်မူလာသော ဒီပင်္ကရာဘုရားရှင်နှင့် ရဟန္တာအပေါင်းတို့ကို သုမေဓာရှင်ရသေ့သည် ခန္ဓာကိုယ်ကို အလျားမှောက်ပြီး တံတားလျှောက်တော်မူကြပါဘုရားဟု လျှောက်ထားလေသည်။ ဒီပင်္ကရာဘုရားရှင်နှင့် ရဟန္တာအပေါင်းတို့ကို ဖူးမျှော်ပူဇော်ကန်တော့ကြိုဆိုကြရန် ရောက်ရှိလာကြသော ရမ္မဝတီမြို့သူမြို့သားအပေါင်းတို့တွင် သုမိတ္တာအမည်ရှိသော အမျိုးသမီးလေးသည် သုမေဓာရှင်ရသေ့အား သူမဥ္စပါလာသော ကြာပန်းရှစ်ခိုင်ရှိသည့်အနက် ကြာပန်းငါးခိုင်ကို ဘုရားရှင်အား ပူဇော်ရန် ပေးကမ်းလိုက်သည်။

မိမိမှာကား ကျန်ရှိသော ကြာပန်းသုံးခိုင်ကို ဘုရားရှင်အား ပူဇော်လေသည်။ ဒီပင်္ကရာဘုရားရှင်သည် "သုမေဓာရှင်ရသေ့ကား နောင်သောအခါ၌ ဂေါတမဟူသော ဘွဲ့နာမည်ဖြင့် ဘုရားဖြစ်လိမ့်မည်။ သုမိတ္တာအမျိုးသမီးကား နောင်သောအခါ၌ ဂေါတမဘုရားရှင်၏ ပါရမီဖြည့်ဖက်ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကားမြွက်ကြားခဲ့လေသည်။

## ဘုရားလောင်းနတ်သားအား နတ်ဗြဟ္မာအပေါင်းတို့က လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါဟု လျှောက်ထား

၃။ သုမေဓာရသေ့ဘဝမှသည် ဝေဿန္တရာမင်းဘဝတိုင်အောင် မရေမတွက်နိုင်သော ဘဝတို့၌ ပါရမီသုံးဆယ်စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်စွန့်တော်မူခဲ့လေသည်။ ဤသို့ဘဝများစွာ ဒါနစသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးနောက်၊ ဘုရားအလောင်းတော်သည် တုသိတာနတ်ပြည်၌ သေတကေတုအမည်ရှိသော နတ်သားဖြစ်ခဲ့လေသည်။

ထိုသို့နတ်သားဖြစ်စဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က၊ " ဘုရားဖြစ်ချိန် တန်ပါပြီ။ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ" ဟု တောင်းပန် လျှောက်ထားမှုကြောင့် ကပ္ပိလဝတ်ပြည်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ မိဖုရားကြီးမာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေတော်မူပါသည်။

## လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ ဘုရားလောင်းဖွားမြင်

၁။ ဘုရားအလောင်းတော်သည် မာယာဒေဝီမိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူပြီးနောက်၊ ဆယ်လကြာသောအခါ၊ မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ခု၊ ကဆုန်လပြည့်သောကြာနေ့ဝယ် ဒေဝဒဟပြည်နှင့် ကပိလဝတ်ပြည်၏ အကြား၌ရှိသော လုမ္ဗိနီအင်ကြင်းဥယျာဉ်၌ မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ဖွားမြင်တော်မူလေသည်။
ဖွားမြင်လျှင်ဖွားမြင်ချင်းပင် ခြေဖဝါးတော်ကို ရှေ့နောက်, တောင်,မြောက် အရပ်များသို့ ခုနစ်လှမ်းစီလှမ်းပြီး လောကကြီးထဲမှာ " ငါသာလျှင်အကြီးဆုံး၊ ငါသာလျှင် အမြတ်ဆုံး၊ ငါသာလျှင် အဦးဆုံး" ဟု အရပ်လေးမျက်နှာစေ့အောင် မြွက်ဟဆိုလေ၏။ ဘုရားလောင်း၏ လူနာမည်ကား သိဒ္ဓတ္ထမင်းသားဖြစ်ပါသည်။

## လက္ခဏာဖတ်ပုဏ္ဏားတို့က ဘုရားလောင်း၏ လက္ခဏာတော်ကို ဖတ်ကြား

၂။ ဘုရင်သုဒ္ဓေါဒနမင်းကြီးသည် ဗေဒင်လက္ခဏာဖတ် ပုဏ္ဏားတို့ကို ဖိတ်ကြားပြီး သားတော်သိဒ္ဓတ္ထမင်းသား၏ လက္ခဏာတော်ကို ကြည့်ရှုစစ်ဆေးမေးမြန်းလေ၏။ ပုဏ္ဏားအများစုတို့က လက်နှစ်ချောင်းစီထောင်ပြကြပြီး သားတော်သိဒ္ဓတ္ထမင်းသားသည် စကြာမင်းဖြစ်လျှင်လည်း ဖြစ်လိမ့်မည်။ ဘုရားဖြစ်လျှင်လည်း ဖြစ်လိမ့်မည်ဟု ဟောကြားကြလေ၏။ အငယ်ဆုံးတစ်ယောက်ဖြစ်သော ကောဏ္ဍညပုဏ္ဏားကမူ လက်ညှိုးတစ်ချောင်းသာ ထောင်ပြပြီး သိဒ္ဓတ္ထမင်းသားသည် ဧကန်စင်စစ်ဘုရားဖြစ်တော်မူလတ့်ဟု ရဲဝံ့စွာဟောကြားလေသည်။

## သိဒ္ဓတ္ထမင်းသားလေး၏ အတတ်တင်

၆။ သိဒ္ဓတ္ထမင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ လူသူတကာတို့ကဲ့သို့ အတတ်ပညာ သင်ဖို့မလိုပဲ၊ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတို့ ကို သူ့အလိုအလျောက်တတ်ပြီးသား ဖြစ်တော့သည်။ ပညာတတ်ကြောင်း မသိကြသော ဆွေတော်မျိုးတော် တို့က "သိဒ္ဓတ္ထမင်းသားသည် အဘယ်ပညာမှမရှိ" ဟု ကဲ့ရဲ့ကြကုန်၏။ သို့ဖြစ်၍ မင်းသားသည် ဆွေတော် မျိုးတော်တို့အလယ်မှာ ဗိုလ်ခြေတစ်ထောင်တင်မှ ရနိုင်သော လေးတော်ကို တစ်ယောက်တည်း မြှောက် တင်ကာ ပစ်ပြလိုက်တော့မှ ဆွေတော်မျိုးတော် အား လုံးအံ့သြချီးမွမ်းကြလေသည်။

## ယသောဓရာမင်းသမီးနှင့် လက်ထပ်ထိမ်းမြား

၇။ လေးတော်တင်ပွဲပြီးဆုံးသောအခါ ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ဒေဝဒဟပြည်မှ ဦးရီးတော်သုပ္ပဗုဒ္ဓမင်းကြီး၏ သမီးတော် ယသောဓရာမင်းသမီးနှင့်လက်ထပ်ထိမ်းမြားခဲ့သည်။
တစ်ဆယ့်သုံးနှစ်တိုင်တိုင် ဆောင်းရာသီစံရာပြသာဒ်၊ နွေရာသီစံရာပြသာဒ်၊ မိုးရာသီစံရာပြသာဒ်သုံးသွယ်၌ ယသောဓရာမင်းသမီးနှင့်အတူ စံမြန်းသိမ်းပိုက်ခဲ့သည်။ သိဒ္ဓတ္ထမင်းသား၏ ရုပ်အဆင်းမှာ နှစ်ဆယ့်ကိုးနှစ်ရောက်ရှိသော်လည်း နုနုဖတ်ဖတ်ဝဝဖြိုးဖြိုးပင်ရှိပါသည်။

## သူအိုသူနာသူသေပြသ

၈။ သိဒ္ဓတ္ထမင်းသားသည် နှစ်ဆယ့်ကိုးနှစ်အရွယ်သို့ ရောက်ရှိ၍ တစ်နေ့သောအခါ မင်းသားသည် မြင်းရထားကို စီးပြီး မှူးမတ်အပေါင်းခြံရံလျက် ဥယျာဉ်တော်သို့ လေးလတစ်ကြိမ် ထွက်ခဲ့လေသည်။

ဥယျာဉ်တော်နားရောက်သောအခါ၊ သူအိုအသွင်၊ သူနာအသွင်၊ သူသေအသွင်၊ ရဟန်းအသွင်၊ နိမိတ်လေးမျိုးကို တစ်နေ့တစ်မျိုးစီ နတ်တို့က ဖန်ဆင်းပြသမှုကြောင့် အိုခြင်း၊ နာခြင်း၊ သေခြင်းတရားများကို ထိတ်လန့်ခြင်း၊ သတိသံဝေဂရရှိပြီး ရဟန်းပြုလိုသော စိတ်ဆန္ဒဖြစ်ပေါ်ခဲ့လေသည်။

## အလောင်းမင်းသားသည် တောထွက်ခါနီးမိဖုရားနှင့် သားတော်လေးအား ရှုစား

။ အလောင်းမင်းသား၏ ထံတော်သို့ ကြွင်ရာတော်ယသောဓရာမိဖုရားမှ သားတော်ကလေးဖွားမြင်ကြောင်းသတင်းစကားကို လျှောက်တင်လာသည်။ ထိုလျှောက်တင်သောစကားကို ကြားချင်းပင် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ စိတ်ထဲ၌သားဟူသောသံယောဇဉ်ကြိုးတစ်ခု ထပ်တိုးလာပြန်ပြီ၊ ရဟန်းပြုရန် ငါအမြန်တောထွက်မှ ဖြစ်ချေမည်ဟု စိတ်ကို ဆုံးဖြတ်လေ၏။

သိဒ္ဓတ္ထမင်းသားသည် ညသန်းခေါင်ယံအချိန်၌ ဆန္နအမတ်ကို နှိုးပြီး ကဏ္ဍကမြင်းကို တန်ဆာဆင်စေပြီးဖွားမြင်စသားတော်ကလေးနှင့် ယသောဓရာမိဖုရားကိုခေတ္တခဏမျှ ရပ်ကြည့်ရှုစားပြီးမှ မြင်းပေါ်တက်၍ဆန္နအမတ်နှင့်အတူ တောထွက်တော်မူလေသည်။

## တောထွက်လာသော သိဒ္ဓတ္ထမင်းသားအား မာရ်နတ်မင်းတားမြစ်

၁၀။ ညသန်းခေါင်ယံအချိန် တောထွက်လာသော ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို နတ်အပေါင်းတို့သည် အစောင့်အရှောက်အဖြစ်လိုက်ပါလာကြသည်။ ထိုသို့စောင့်ရှောက်ကြလျက်ပင်၊ ဘုရားဖြစ်မှာကို မလိုလားသော၊ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်းသည် ဘုရားအလောင်းတော်သိဒ္ဓတ္ထမင်းသား တောထွက်လာရာ ရှေ့မှရပ်ပြီး၊ အသင်မင်းသား တောထွက်ခြင်းကို မလိုလားပါနှင့်၊ သင်မင်းသားစကြာမင်းဖြစ်ဖို့ရာ စကြာရတနာဆိုက်ရောက်ရန် ခုနှစ်ရက်သာလိုပါတော့သည်။ နောက်သို့သာ ပြန်ဆုတ်ပါလော့ ”ဟု တားဆီးပါသော်လည်း၊ မင်းသားက “ဟယ်. . မာရ်နတ်ယုတ် ငါစကြာမင်းအဖြစ်ကို မလိုလား၊ ဘုရားအဖြစ်ကိုသာ လိုလားသည်ဟု ပြောဆိုပယ်မြစ်ပြီး ကဏ္ဍကမြင်းတော်ကို နှင်၍ တောထွက်ခဲ့လေသည်။

## အနော်မာမြစ်သောင်ယံ၌ မင်းသားဆံတော်ပယ်

၁၁။ ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားသည် ကဏ္ဍကမြင်း
တော်ကို စီးလျက် ဆန္နအမတ်နှင့်အတူ တောထွက်
လာခဲ့ရာ မိုးမလင်းခင် အနော်မာမြစ်သောင်ယံသို့
ရောက်တော်မူသည်။ ရောက်လျှင်ရောက်ချင်း သံလျက်
ဖြင့် ဆံတော်ကို ပယ်ဖြတ်လျှက် " ဤဆံတော်သည်
ငါဘုရားဖြစ်မည်မှန်လျှင် ကောင်းကင်၌တည်ပါ
စေသတည်း။" ဟု အဓိဋ္ဌာန်ပြုလေသည်။
သိကြားမင်းခံယူပြီး တာဝတိံသာနတ်ပြည်၌ စူဠာမဏိ
စေတီတည်ထားကိုးကွယ်လေသည်။ ဃဋိကာရဗြဟ္မာ
ကြီးသည် ကြာသက်န်းနှင့် ပရိက္ခရာအစုံအလင်ယူလာ
ပြီး ဘုရားအလောင်းတော်အား ဆက်ကပ်လှူဒါန်း
လေသည်။
ဘုရားလောင်း၏ ဝတ်လဲတော်တို့ကို ဗြဟ္မာ့ပြည်သို့ ယူ
ဆောင်ပြီး ဒုဿစေတီတော်တည်ထားကိုးကွယ်လေ
သည်။

## ကဏ္ဍကမြင်းအသဲနှစ်လုံးကွဲကာ သေဆုံးပြီး တာဝတိံသာနတ်ပြည်၌နတ်သားဖြစ်

၁၂။ ဖွားဖက်တော်ကဏ္ဍကမြင်းသည် ဘုရားအလောင်းတော်မြတ် မျက်စိဖြင့် မြင်လောက်ရာအရပ် ကွယ်ပျောက်လေလျှင် ဘုရားအလောင်းတော်ကို အလွန်တရာအသဲနစ်အောင် ချစ်ခင်မြတ်နိုးလွန်းလှ၍ ခွဲခွာရခြင်းဟူသော ပိယေဟိ ဝိပ္ပယောဂ ဒုက္ခကြောင့် နှလုံးသား၌ ဖြစ်ပေါ်လာသော, သောကမီးကို အောင့်အီးသည်းခံခြင်းငှာ မစွမ်းနိုင်ရကား အသဲနှစ်လုံးကွဲကာ မတ်မတ်ရပ်နေရာမှ ဦးခေါင်းငိုက်စိုက်ကျပြီး ဘုံးဘုံးလဲ၍ သေဆုံးရှာပြီးလျှင် တာဝတိံသာနတ်ပြည်၌ ကဏ္ဍကမည်သော နတ်သားဖြစ်လေသည်။

## ဗိမ္ဗိသာရမင်းကြီးကဘုရားလောင်းအား မင်းစည်းစိမ်စိုးစံပါရန်လျှောက်

၁၃။ ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် အနော်မာမြစ်ကမ်း သောင်ယံ၌ ရဟန်းပြုပြီးခဲ့သည်။ ထို့နောက်ရာဇဂြိုဟ် မြို့သို့ ဆွမ်းခံကြွပြီး ပဏ္ဍဝတောင်ခြေ၌ ဆွမ်းဘုဉ်းပေး တော်မူသည်။ တောထွက်၍ ရဟန်းပြုသော အ ကြောင်းအရာအားလုံးကို ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာ ရမင်းကြီးကြားသိ၍ အလောင်းတော်မြတ် ဆွမ်းစား ရာ ပဏ္ဍဝတောင်ခြေသို့ ရောက်လာ၍ အလောင်းတော် အရှင့်မြတ်ကို ကန်တော့ပြီး “ အရှင်မြတ်သက်တော် အရွယ်တော်ငယ်ပါသေးသည်။ တပည့်တော်၏ နေပြည်တော်ကို ထက်ဝက်ခွဲပေးပါမည်။ မင်းပြု၍ စိုး စံတော်မူပါ ” ဟု လျှောက်လေ၏။

အလောင်းတော်သည် “ ဘုရင်မင်းမြတ် လူမင်းအဖြစ် ကို မလိုချင်ပါ။ ဘုရားအဖြစ်ကိုသာ ငါလိုချင်တယ် ” ဟု မိန့်ဆိုလေသည်။

## အလောင်းတော်မြတ်ခြောက်နှစ် ဒုက္ကရစရိယာကျင့်

၁၄။ အလောင်းတော်အရှင်မြတ်သည် တရားကျင့်ရန် ဥရုဝေလတောအုပ်သို့ ကပ်ရောက်လေသည်။ ထိုအရပ်၌ နေတော်မူစဉ် ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ, ဟူ၍ ပဉ္စဝဂ္ဂီငါးဦးတို့နှင့်တွေ့လေ၏။ ပဉ္စဝဂ္ဂီငါးဦးတို့ အလုပ်အကျွေးရှိသည်ဖြစ်၍ တစ်နေ့လုံးတွင် ဆွမ်းတစ်လုပ်မျှ၊ သစ်သီးတစ်လုံးမျှ ဘုဉ်းပေးတော်မူ၍ နေ့ရက်ကို လွန်စေခြင်း၊ အစာအဟာရကို ဖြတ်ခြင်း စသည့်ပြုကျင့်နိုင်ရန် ခဲယဉ်းစွာသော ဒုက္ကစရိယာအကျင့်ကို ခြောက်နှစ်တိုင်အောင် ကျင့်တော်မူပြီးမှ " ဤခဲယဉ်းညိုညင်စွာသော ဒုက္ကစရိယာအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်။

သတိတရား လက်ကိုင်ထားပြီး၊ သဒ္ဓါ, ပညာ, ဝီရိယ, သမာဓိကို မျှတစေအံ့၊ ဟု ကြံ၍ မြို့ရွာနိဂုံးသို့ ချဉ်းကပ်၍ ဆွမ်းခံပြီး ဘုဉ်းပေးတော်မူလေ၏။

ပဥ္စဝဂ္ဂီငါးဦးတို့သည် သိဒ္ဓတ္ထအရှင်မြတ်သည် မြိုးမြံစွာ ကျင့်သည်သော်မှ ဘုရားမဖြစ်နိုင်။ ဆွမ်းပြန်ဘုဉ်းပေးသော် အဘယ်မှာ ဘုရားဖြစ်နိုင်ပါအံ့နည်း "ဟု ဘုရားလောင်းကို စွန့်ခွာ၍ ဣသိပတနမိဂဒါဝုန်တောသို့ ကြွသွားကြလေကုန်၏။

## အလောင်းတော်မြတ်အားသုဇာတာသူဌေးသမီး တစ်သိန်းတန်ရွှေခွက်နှင့်ဆွမ်းကပ်

၁၅။ အလောင်းတော်မြတ်သည် ငါသည်ယနေ့စင်စစ်ဘုရားဖြစ်အံ့ဟု ကြံစည်ဆုံးဖြတ်ပြီး၊ ဆွမ်းခံသွားသော အချိန်ကို စောင့်ဆိုင်းတော်မူ၍ သေနာနိဂုမ်း၏အနီး ကြီးစွာသော ညောင်ပင်ရင်း၌ ကိုယ်ရောင်ကိုယ်ဝါများကို ဖြစ်စေလျက် နေတော်မူ၏။ ထိုအချိန် သူဌေးသမီးသုဇာတာသည် အရွယ်သို့ရောက်ခါစ ညောင်ပင်သို့ ရှိခိုးလျက် " အကျွန်ုပ်သည် အမျိုးအနွယ်တူ ယောကျ်ားနှင့်ပေါင်းရပြီး အစဆုံးသားယောကျ်ားရငြားအံ့။ အရှင်ရုက္ခစိုးနတ်မင်းအား တစ်နှစ်တစ်ကြိမ် တစ်သိန်းတန်ပစ္စည်းဥစ္စာကို ပူဇော်ပါမည်။ မ,စတော်မူပါ အရှင်နတ်မင်း"ဟု ဆုတောင်းခဲ့လေသည်။

ညောင်စောင့်နတ်မင်းနေရာကို ရှင်းလင်းသုတ်သင်ရန် စေလွှတ်လိုက်သော ကျွန်မသည်ဘုရားအလောင်းတော်မြတ်၏ တင့်တယ်ထွန်းလင်းသော အသရေတော်ကို မြင်လေ၍ သုဇာတာအမျိုးသမီးအား ရွှင်လန်းအားရလျက် ပြန်ကြားပြောလေလျှင် သူဌေးသမီးသုဇာတာသည် တစ်သိန်း တန်ရွှေခွက်နှင့် ထည့်လျက်ယနာနို့ဆွမ်းကို ရွှေခွက်ပါအပြီး လှူဒါန်းပူဇော်လေသည်။

## ဘုရားဖြစ်ရန်အဓိဋ္ဌာန်ရွှေခွက်မျှော

၁၆။ ဘုရားအလောင်းတော်သည် ယနာနို့ဆွမ်းကို ခံယူတော်မူပြီး နေရဥ္စရာမြစ်၌ ရေချိုးတော်မူပြီးမှ သောင်ကမ်းခုံထက်၌ ထက်ဝယ်ဖွဲ့ခွေ အရှေ့အရပ်သို့မျက်နှာမူလျက် ဆွမ်းလေးဆယ့်ကိုးလုပ် ဘုဉ်းပေးတော်မူပြီးလျှင် "ငါသည် ယနေ့ဘုရားဖြစ်မည်မှန်လျှင် ရွှေခွက်သည် ရေညာသို့ ဆန်တက်စေသတည်း "ဟု အဓိဋ္ဌာန်ပြီး ရွှေခွက်ကို မျှောတော်မူလေ၏။ ရွှေခွက်သည် ရေညာသို့ ဆန်တက်ပြီးမှ မြစ်လယ်၌ မြုပ်လေ၏။ ရွှေခွက်သည် ကာလနဂါးဗိမာန်၏အနီး ရှေးဘုရားရှင်တို့၏ ရွှေခွက်သုံးလုံးကိုထိပြီး အောက်ဆုံး၌ တည်နေလေသည်။

## ဘုရားအလောင်းတော်အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေလျှက်အာနာပါနစျာန်ကိုဝင်စား

၁၇။ ဘုရားအလောင်းတော်သည် ဆွမ်းဘုဉ်းပေးပြီး၍ မြစ်၏အနီးအင်ကြင်းတော၌ နေ့သန့်စင်၍၊ နတ်တို့ဖန်ဆင်းအပ်သော နတ်လမ်းဖြင့် မဟာဗောဓိပင်ရှိရာသို့ ကြွတော်မူလေလျှင် မြက်ထမ်းသမား၊ မြက်ရိပ်သမားသည်လမ်း၌ လှူဒါန်းလိုက်သော မြက်ရှစ်ဆုပ်ကို ခံယူ၍ မဟာဗောဓိပင်သို့ကပ်ပြီး ကြဲဖြန့်တော်မူလေလျှင် အပရာဇိတပလ္လင်ဖြစ်ပေါ်လာလေသည်။

ထိုပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် အာနာပါနစျာန်ကို ဝင်စားကာ " ဘုရားမဖြစ်သမျှ ငါမထတော့ပြီ" ဟု နေတော်မူစဉ် သိကြားမင်းသည် ခရုသင်းကို မှုတ်လျှက်၊ နဂါးမင်းသည် ဂါထာတို့ဖြင့် ကောင်းချီးပေးလျှက်၊ ဗြဟ္မာမင်းကြီးသည် ထီးဖြူတော်ကို မိုးလျှက်၊ သုယာမနတ်မင်းကြီးကား သားမြီးယပ်ကိုခတ်လျှက်၊ သန္တုသိတနတ်မင်းကြီးကား ပတ္တမြားယပ်ကိုခတ်လျှက်၊ ပဥ္စသိခနတ်မင်းသည် ဗေလုဝစောင်းကိုတီးလျှက်၊ နတ်အပေါင်းတို့သည် ပူဇော်ကြကုန်လျှက် နေကြကုန်၏။

## အလောင်းတော်သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူ

၁၈။ အလောင်းတော်သည် အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေပြီး၊ အာနာပါန စတုတ္ထဈာန်ကို ဝင်စားနေစဉ် မာရ်နတ်မင်းသည် ဂိရိမေခလာဆင်တော်ကို စီးလျက် တိုက်ခိုက်ဖျက်စီးလာသည်ကို မေတ္တာစသော ပါရမီအဟုန်တို့ဖြင့် နေမဝင်မီ ဒေဝပုတ္တမာရ် (မာရ်နတ်ရန်)ကို အောင်မြင်တော်မူသည်။

ညဉ့်ဦးယံ၌ ရှေး၌နေခဲ့ဘူး၊ ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်အောက်မေ့တတ်၊ အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရတော်မူလေသည်။

သန်းခေါင်ယံ၌ နတ်တို့၏ မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူလေသည်။

မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်မှစ၍ အာနာပါန စတုတ္ထဈာန်ကို ဝင်စား၍ ဝိပဿနာကို ပွားရာ အာသဝေါတရားလေးပါးတို့၏ ကုန်ခြင်းကို ပြုတတ်သော အာသဝက္ခယဉာဏ်ဖြင့် ကိလေသာအပေါင်းတို့ကို သတ်ဖြတ်လျှက် မဂ်လေးတန်၊ ဖိုလ်လေးတန်ကို ရရှိပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ အဆုံး၌ သိစရာရှိသမျှ အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်ကို ရရှိ၍ သက်တော် (၃၅)နှစ်အရွယ်၊ သက္ကရာဇ် (၁၀၃)ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။ ဘွဲ့နာမည်ကား ဂေါတမဖြစ်သည်။

## တပုဿနှင့်ဘလ္လိကာကုန်သည်ညီနောင်အား ဆံတော်ဓာတ်ပေးသနား

၁၉။ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် သတ္တဌာန ခုနစ်နေရာ၊ ခုနစ်ရက်စံတော်မူရာ၊ နောက်ဆုံးဖြစ်သော ရာဇာယတနလင်းလွန်းပင်၌ သတင်းသုံးစံတော်မူနေစဉ် ဥက္ကလာပမှ တပုဿနှင့်ဘလ္လိကာကုန်သည်ညီနောင်တို့သည် လှည်းအစီးငါးရာနှင့်ကုန်ရောင်းထွက်လာခဲ့ရာ ဘုရားရှင်ရှိရာအရပ်သို့ ရောက်လာကြသည်။

သူတို့၌ပါလာသော ပျားမုန့်ဆန်းကိုဘုရားရှင်အား ဆက်ကပ်လှူဒါန်းလေ၏။ ဘုရားရှင်လည်း ကုန်သည်ညီနောင်နှစ်ဦးအား " ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ " (ဘုရားကို ကိုးကွယ်ပါ၏) " ဓမ္မံ သရဏံ ဂစ္ဆာမိ " (တရားကို ကိုးကွယ်ပါ၏) ဟု ဒွေဝါစိက သရဏဂုံ ပေးတော်မူလေ၏။ ဘုရားရတနာ, တရားရတနာနှစ်မျိုးသာ ပေါ်သေး၏။

ကုန်သည်ညီနောင်နှစ်ယောက်တို့လည်း “ အရှင်ဘု ရား အမြဲထာဝရ ဆည်းကပ်ကိုးကွယ်ရန် ပေးသနား တော်မူပါ ”ဟု လျှောက်ထားကြသည်။ ဘုရားရှင်သည် လက်ယာလက်ဖြင့် ဆံတော်ကို သုံးသပ်တော်မူ၍ ဆံ တော်ဓာတ်ရှစ်ချောင်းတို့ကို ပေးသနားတော်မူလေ၏။ ကုန်သည်ညီနောင်တို့သည် အားရဝမ်းသာရှိပြီး ဥက္ကလာပသို့ ပြန်ရောက်ကြသော် ဆံတော်ဓာတ်တို့ကို ရွှေကြုတ်အတွင်းသွင်း၍ စေတီတော်တည်ပြီး ကိုးကွယ် ကြလေ၏။

## ပဉ္စဝဂ္ဂီငါးဦးတရားဦးဟော

၂၀။ ဘုရားသခင်သည် ပဉ္စဝဂ္ဂီငါးဦးကို တရားဦးဟောရန် မိဂဒါဝုန်တောသို့ ကြွမြန်းတော်မူလေ၏။ ဘုရားသခင် ကိုယ်တော်မြတ်သည် ပဉ္စဝဂ္ဂီငါးဦးကို ဩဒိဿ မေတ္တာအထူးရည်ညွှန်းပြီး ပို့သလိုက်သည်နှင့် တစ်ပြိုင်နက် ဘုရားရှင်အား ပဉ္စဝဂ္ဂီငါးဦးလုံး စိတ်ညွတ်၍ ချဉ်းကပ်လာကြကုန်၏။

ဗုဒ္ဓမြတ်စွာသည် ဝါဆိုလပြည့်နေ့ ညနေချမ်း နေဝင်လထွက်သည့်အချိန်တွင် ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ ဟူ၍ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား၊ နောက်တစ်နေ့ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူ၏။ တရားပြီးဆုံးလျှင် အရှင်ကောဏ္ဍည သောတာပန်တည်လေ၏။ ပဉ္စဝဂ္ဂီငါးဦးတစ်နေ့စီ သောတာပန်တည်ကြလေ၏။ အနတ္တလက္ခဏာသုတ် ပြီးဆုံးသောအခါ ပဉ္စဝဂ္ဂီအားလုံး ရဟန္တာဖြစ်ကြလေကုန်၏။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာသုံးပါးပြည့်စုံလေတော့သည်။

## မြတ်စွာဘုရားလေးဆယ့်ငါးဝါကာလပတ်လုံး ကျွတ်ထိုက်သည့်သတ္တဝါတို့အားချွေချွတ်

၂၁။ မြတ်စွာဘုရားသည် လေးဆယ့်ငါးဝါကာလပတ်လုံး ကျွတ်ထိုက်သော လူနတ်ဗြဟ္မာသတ္တဝါတို့အား မြွမ်းစကြွေ့ာစသည့်တရားမြွတို့ကို ဟောကြားတော်မူခဲ့သည်။ မဂ္ဂင်ရှစ်ပါးဟူသော ဖောင်ကူတို့ဖြင့် နိဗ္ဗာန်ခေမာသောင်ကမ်းသို့အရောက် ပို့ဆောင်တော်မူခဲ့သည်။

ဝါတော်လေးဆယ့်ငါးဝါ၊ သက်တော်ရှစ်ဆယ်ပြည့်သို့ ရောက်တော်မူသောအခါ ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် အင်ကြင်းပင်ပျိုတို့၏ အလယ်၌ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ အားကိုးအားထားရာ မဟာကရုဏာရှင် ဘုရားသခင်ကိုယ်တော်မြတ်သည် မြောက်အရပ်သို့ ဦးခေါင်းပြုလျက် သောင်စောင်းပလ္လင်ထက်ဝယ် ချမ်းချမ်းမြေ့မြေ့ပရိနိဗ္ဗာန်စံဝင်တော်မူလေသည်။ အချိန်ကား မဟာသက္ကရာဇ် တစ်ရာလေးဆယ့်ရှစ်ခုနှစ် ကဆုန်လပြည့်အင်္ဂါနေ့ဖြစ်ပါသည်။

# အလောင်းတော်မြတ်တေဇောဓာတ်လောင် ဓာတ်တော်ကြွင်း

၂၂။ မဟာကဿပရှင်ဘုရားသခင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ကျန်ရစ်သော ရုပ်ကလာပ်အလောင်းတော်သည် ရှုမငြီးဘွယ်ရာဖြစ်သည်။ ရွှေစင်ပမာ ဝင်းဝါနေသည်။

လူအပေါင်းတို့က ဖူးမျှော်၍မဝဖြစ်ကြသည်။ မဟာသက္ကရာဇ်တစ်ရာလေးဆယ့်ရှစ်ခုနှစ် တနင်္ဂနွေနေ့၌ အလောင်းတော်မြတ် ရုပ်ကလာပ်ကို တေဇောဓာတ်လောင်သည်။ အလောင်းတော်ကို တေဇောဓာတ်လောင်မြိုက်စဉ် အခိုးအငွေ့မျှ မထွက်ကြပါ။ အတုမရှိဘုရားသခင်၏ ထက်မြက်လှသော ဉာဏ်တော်ဖြင့် လောကကို ရှုမျှော်၍ အဓိဋ္ဌာန်ထားခဲ့သည်။ ထိုအဓိဋ္ဌာန်ချက်အတိုင်းပင် အလောင်းတော်မြတ် ရုပ်ကလာပ်မှ ဓာတ်တော်မွေတော် ရှစ်စိပ် ကြွင်းကျန်ပါတော့သည်။

## စေတီတော်

၂၃။ ပရိနိဗ္ဗာန်စံဝင်တော်မူပြီးသော ဘုရားရှင်တို့၏ ရုပ်ကလာပ်အလောင်းတော်ကို တေဇောဓာတ်လောင်မြိုက်ရာမှ ကြွင်းကျန်သော ဓာတ်တော်တို့ကို ဌာပနာသွင်း၍ ပူဇော်ရာ စေတီကို ဓာတုစေတီဟု ခေါ်ပါသည်။
ဘုရားရှင်တို့ ဟောတော်မူခဲ့သော ပိဋကတ်သုံးပုံ၊ နိကာယ်၊ ဓမ္မက္ခန္ဓာအပေါင်းတို့ကို ဌာပနာသွင်း၍ ပူဇော်ရာ စေတီကို ဓမ္မစေတီဟုခေါ်သည်။
ဘုရားရှင်အပေါင်းတို့၏ ကိုယ်စား ဗုဒ္ဓရုပ်ပွားဆင်းတုတော်တို့ကို ဌာပနာသွင်း၍ ပူဇော်ရာ စေတီကို ဥဒ္ဒိဿစေတီဟု ခေါ်ပါသည်။
ဘုရားရှင်တို့၏ အသုံးအဆောင်ဖြစ်သော ဆံတော် သက်န်းတော်၊ သပိတ်တော်၊ ညောင်စောင်းတော်၊ တောင်ဝှေးတော်၊ တို့ကို ဌာပနာသွင်း၍ ပူဇော်ရာစေတီကို ပရိဘောဂစေတီဟု ခေါ်ပါသည်။

ဗုဒ္ဓဝင်အကျဉ်းပြီး၏။

## ဩကာသကန်တော့ချိုး

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ၊ ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင်၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို အရိုအသေအလေးအမြတ် လက်အုပ်မိုး၍ ရှိခိုးပူဇော်ဖူးမျှော်မာန်လျှော့ကန်တော့ပါ၏ အရှင်ဘုရား။

ကန်တော့ရသောအကျိုးအားကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါးတို့မှ၊ အခါခပ်သိမ်း၊ ကင်းလွတ်ငြိမ်းသည်ဖြစ်၍၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## (အပါယ်လေးပါး)

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်။

## (ကပ်သုံးပါး)

| | | |
|---|---|---|
| ဒုဗ္ဘိက္ခန္တရကပ် | = | အစားအသောက် ခေါင်းပါးသောကပ် |
| ရောဂန္တရကပ် | = | အထူးအထွေရောဂါဝေဒနာနှိပ်စက်ဖိစီးသောကပ်။ |
| သတ္ထန္တရကပ် | = | ဓါး, လှံ, သေနတ်, အမြောက်,ဗုံး စသည့်လက်နက်တို့ဖြင့် အချင်းချင်း နှိပ်စက်သတ်ဖြတ်ပျက်စီးကပ်။ |

## (ရုပ်ပြစ်ရှစ်ပါး)

| | | |
|---|---|---|
| ပစ္စန္တရာဇ် | = | အတုမရှိဗုဒ္ဓသာသနာမရှိသော အရပ်၌ လူဖြစ်ရခြင်း။ |
| အရူပ | = | ရုပ်မရှိသော အရူပလေးဘုံ၌ ဖြစ်ရခြင်း။ |
| ဝိကလိင် | = | အမိဝမ်းတွင်းက ကျိုး, ကန်း, ဆွံ့ အ, ခြင်း။ |
| အသညသတ် | = | နာမ်မရှိသော အသညသတ်ဘုံ၌ ဖြစ်ရခြင်း။ |
| မိစ္ဆာဒိဋ္ဌိက | = | မိစ္ဆာအယူရှိတဲ့ အမျိုး၌ဖြစ်ရခြင်း။ |
| တိရစ္ဆာန | = | တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်း။ |
| ပေတ | = | ပြိတ္တာဘုံ၌ ဖြစ်ရခြင်း။ |
| နေရယိက | = | ငရဲဘုံ၌ဖြစ်ရခြင်း။ |

## (ရန်သူမျိုးငါးပါး)

ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ။

## (ဝိပတ္တိတရားလေးပါး)

| | | |
|---|---|---|
| ကာလဝိပ္ပတ္တိ | = | မကောင်းသောမင်းလက်ထက်၌ လူဖြစ်ရခြင်း။ |
| ဂတိဝိပ္ပတ္တိ | = | အပါယ်လေးဘုံတို့၌ ဖြစ်ရခြင်း။ |
| ဥပဓိဝိပ္ပတ္တိ | = | ကိုယ်အင်္ဂါချို့တဲ့ရခြင်း။ |
| ပယောဂဝိပ္ပတ္တိ | = | မကောင်းသော ဒုစရိုက်အလုပ် လုပ်နေရခြင်း။ |

## (ဗျသနတရားငါးပါး)

| | | |
|---|---|---|
| ဉာတိဗျသန | = | ဆွေမျိုးဉာတိတို့သေကြေပျက်စီးခြင်း။ |
| ဘောဂဗျသန | = | စည်းစိမ်ဥစ္စာပျက်စီးဆုံးရှုံးခြင်း။ |
| ရောဂဗျသန | = | ရောဂါနှိပ်စက်ဖိစီးခံနေရခြင်း။ |
| ဒိဋ္ဌိဗျသန | = | မိစ္ဆာဒိဋ္ဌိအယူကိုယူခြင်း။ |
| သီလဗျသန | = | ကိုယ်ကျင့်သီလ, စာရိတ္တ ပျက်စီးခြင်း။ |

## (မဂ်လေးပါး)

သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်။

## (ဖိုလ်လေးပါး)

သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်။

## (နိဗ္ဗာန်)

ခန္ဓာအသစ်မဖြစ်ရာ အမြတ်ဆုံးနိဗ္ဗာန်။

## အနန္တငါးပါးရှိခိုး

ဗုဒ္ဓံပူဇေမိ = ဗုဒ္ဓမြတ်စွာဘုရားကို ပူဇေမိပူဇော်ပါ၏ဘုရား။

ဓမ္မံပူဇေမိ = ဓမ္မတရားတော်မြတ်ကို ပူဇေမိပူဇော်ပါ၏ဘုရား။

သံဃံပူဇေမိ = သံဃံ သံဃာတော်မြတ်ကို ပူဇေမိပူဇော်ပါ၏ဘုရား။

မာတာပိတူနံ ပူဇေမိ = မာတာပိတူနံ မိဘနှစ်ပါး၊ အဖိုးအဖွားတို့အား ပူဇေမိပူဇော်ပါ၏ဘုရား။

အာစရိယာနံပူဇေမိ = အာစရိယာနံ လောကီကြီးပွားချမ်းသာ၊ လောကုတ္တရာကြီးပွားချမ်းသာကို ညွှန်ပြကြကုန်သော ဆရာအပေါင်းတို့အား ပူဇေမိပူဇော်ပါ၏ဘုရား။

## ငါးပါးသီလ

အဟံဘန္တေ တိသရဏေနသဟ ပဉ္စသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံ ဒေထ မေဘန္တေ။

ဒုတိယမ္ပိ၊ တတိယမ္ပိ၊

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။ (၃)ခေါက်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊

ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

## ရှင်သာမဏေလောင်းဆံပင်ရိပ်စဉ် ရွတ်ဆိုရန် ကမ္မဋ္ဌာန်း

ကေသာ = ဆံပင်၊ လောမာ = မွေးညင်း၊ နခါ = ခြေသဲ၊ လက်သဲ၊ ဒန္တာ = သွား၊ တစော = အရေထူ အရေပါး။

ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြဲခိုင်လှစွာ၊ ကောင်းရာ မမြင်၊ ဆံပင်သာရှိ၊ မွေးညင်းရှိ၍၊ ရှိသည့်လက်သဲ၊ ခြေအသဲနှင့် သွားလည်းတစ်ထွေ၊ အရေတစ်မျိုး၊ ညှီနံ့ဆိုးသည်၊ အသိုးအပုတ်ချည်းပါတကား။

## သက်န်းကပ်

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ
သစ္ဆိကရဏတ္ထာ ယ၊ ဣမံ ကာသာဝံ ဂဟေတွာ
ပဗ္ဗာဇေထ မံဘန္တေ အနုကမ္ပံ ဥပါဒါယ။

အရှင်ဘုရား တပည့်တော်သည် သံသရာဝဋ်ဆင်းရဲ သံသရာဝဲဩဃ၊ အပေါင်းမှ လွတ်မြောက်၍ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ တပည့်တော်၏လက်၌ ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ တပည့်တော်ကို အစဉ်သနားစောင့်ရှောက်ခြင်းကို အစွဲပြု၍ ရှင်သာမဏေကိုရင် ပြုပေးတော်မူပါ အရှင်မြတ်ဘုရား။

## သကိ်န်းတောင်း

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံကာသာဝံဒတွာ ပဗ္ဗာဇေထ မံဘန္တေ အနုကမ္ပံ ဥပါ ဒါယ။

အရှင်ဘုရား တပည့်တော်သည် သံသရာဝဋ်ဆင်းရဲ၊ သံသရာဝဲသြဃအပေါင်းမှ လွတ်မြောက်၍ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှာ၊ အရှင်ဘုရား၏ လက်တော်၌ ရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ တပည့်တော်ကို အစဉ် သနားစောင့်ရှောက်ခြင်းကို အစွဲပြု၍ ရှင်သာမဏေ ကိုရင် ပြုပေးတော်မူပါ အရှင်မြတ်ဘုရား။

## ပစ္စည်းလေးပါးဆင်ခြင်ပုံ

အသက်ရှည်ကြာ၊ ဘေးရောဂါတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊ ပဋိပတ်ရေး၊ မျှော်ထောက်တွေး၍၊ ဤဆေး၊ ဤဆွမ်း၊ ဤသင်္ကန်းနှင့် ရှင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို ကိန်းအောင်းမှီခိုပါသတည်း။

## ဆယ်ပါးသီလ

အဟံဘန္တေ တိသရဏေန သဟ, ဒသ, သာမဏေရ, ပဗ္ဗဇ္ဇသီလံ, ဓမ္မံယာစာမိ, အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။
ဒုတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ, ဒသ, သာမဏေရ, ပဗ္ဗဇ္ဇသီလံ, ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။
တတိယမ္ပိ အဟံဘန္တေ တိသရဏေန သဟ, ဒသ, သာမဏေရ, ပဗ္ဗဇ္ဇသီလံ, ဓမ္မံယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေဘန္တေ။
နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃) ခေါက်
ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ၊
ဒုတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။

ပါဏာတိပါတာ ဝေရမဏီ
အဒိန္နာဒါနာ ဝေရမဏီ
အဗြဟ္မစရိယာ ဝေရမဏီ
မုသာဝါဒါ ဝေရမဏီ
သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ
ဝိကာလဘောဇနာ ဝေရမဏီ
နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက၊ ဒဿနာ ဝေရမဏီ
မာလာဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ ဝေ
ရမဏီ
ဥစ္စာသယန၊ မဟာသယနာ ဝေရမဏီ·
ဇာတရူပ၊ ရဇတ၊ ပဋိဂ္ဂဟဏာ ဝေရမဏီ

## ချစ်ဦးကလေး

သားဦးရတနာ
ချစ်မိုးရွာ လျှက်
နှစ်ပြာ မိဘ
လယ်မှာ ချခေါ်
ယှဉ်ပျိုင်သော်လည်း
သားရွှေခဲက
နို့ဆာ လှလျှင်
မိခင်ခေါ်ရာ
လက်လှမ်းရှာ၏။

နို့သာ ဝလျှင်
ပခင်မျက်နှာ
ကြည်သာ ရှုမျှော်
ခေါ်လာ နိုးနိုး
မူရာ ပျိုးမိုး
အချစ်မိုးက အမြဲစွေ၊ ။

အရှင်လောကဥာဏ
အထက်မင်းလှ (မကွေးတိုင်း)

## ချစ်ဦးကလေး

- သားဦးရတနာ
ချစ်မိုးရွာလျှက်
နှစ်ဖြာမိဘ
လယ်မှာချခေါ်
ယှဉ်ပြိုင်သော်လည်း
သားရွှေခဲက
နို့ဆာလှလျှင်
မိခင်ခေါ်ရာ
လက်လှမ်းရှာ၏။

- နို့သာဂလျှင်
ဖခင်မျက်နှာ
ကြည့်သာရှု့မျှော်
ခေါ်လာနိုးနိုး
မူရာပျိုးမို့
အချစ်မိုးက အမြဲစွေ။ ။

အရှင်လောကဉာဏ
အထက်မင်းလှ (မကွေးတိုင်း)